**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေတိုက်ဦးစီးဌာန**

**စိစစ်ရေးမှူး-၂ ရာထူး ရေးဖြေစာမေးပွဲ ဖြေဆိုရန် အကြောင်းကြားခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၅၀) နေရာအတွက် လျှောက်လွှာခေါ်ယူခဲ့ပြီးဖြစ်ရာ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် လာရောက်ဖြေဆိုနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

| စာမေးပွဲ ကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် | ကျင်းပမည့်နေရာ |
|---|---|---|---|
| ၂၆-၆-၂၀၂၂ (စနေနေ့) | နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ | မေးခွန်းလွှာ(၁) မြန်မာစာနှင့် အင်္ဂလိပ်စာ | အထက (၅) နေပြည်တော် |
| ၂၆-၆-၂၀၂၂ (စနေနေ့) | မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ | မေးခွန်းလွှာ(၂) အထွေထွေဗဟုသုတ | အထက (၅) နေပြည်တော် |

၂။ **ယူဆောင်လာရမည့်စာရွက်စာတမ်းများ**

(က) နိုင်ငံသားစိစစ်ရေးကဒ်ပြား **(မူရင်း)**

(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်း **(မူရင်း)** များ

၃။ စာမေးပွဲဖြေဆိုခွင့်ကဒ်ပြားနှင့် အထက်အပိုဒ်(၂)ပါ အထောက်အထားစာရွက်စာတမ်း **(မူရင်း)** များကို ယူဆောင်လာရန် ပျက်ကွက်ပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၄။ စာမေးပွဲဖြေဆိုသူများသည် အထက (၅) ၊ နေပြည်တော်သို့ ၂၆-၆-၂၀၂၂ ရက်နေ့ (စနေနေ့) နံနက် ၉ နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်များအား ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်တွင် **၁၄-၆-၂၀၂၂ ရက်နေ့ (တနင်္လာနေ့)** ၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ငွေတိုက်ဦးစီးဌာန၏ ကြော်ငြာသင်ပုန်းနှင့် ဤဝန်ကြီးဌာန၏ Website www.mopf.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၁၆၂ သို့လည်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကဒ်ပြားများကို ၂၃-၆-၂၀၂၂ မှ ၂၅-၆-၂၀၂၂ ရက်နေ့ထိ ရုံးချိန်အတွင်း ဖြေဆိုခွင့်ရရှိသူ၏ မှတ်ပုံတင်**(မူရင်း)** ပြ၍ လာရောက်ထုတ်ယူနိုင်ပါသည်။